## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၄ / ၂၀၁၉ )

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) အား ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း **နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၃) ခု၊ အတည်ပြုလုပ်ငန်း (၁၃) ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်း(၃)ခု၊ အတည်ပြုလုပ်ငန်း (၁) ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁၂) ခုခွင့်ပြုခဲ့သဖြင့် ယခုအစည်း အဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း (၁၆) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၉၆.၉၉၀)သန်းကို ခွင့်ပြု/အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ **ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၈၁၈၃) ဦး** ကိုဖန်တီး ပေးမည်ဖြစ်ပြီး ယခင်ခွင့်ပြုပြီး လုပ်ငန်းများ မှ **ပြည်တွင်းလုပ်သား အင်အားတိုးမြှင့်မှုမှာ (၂၃၉၃) ဦး** ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း (၁၆) ခုမှာ စက်မှုကဏ္ဍမှ (၁၄)ခု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍမှ (၁) ခုနှင့်အခြားကဏ္ဍမှ (၁)ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ မတ်လ (၁၅) ရက်နေ့အထိ **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၂၅)ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၁၃၃၂.၀၉၁) သန်းဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၁၈၄၀.၉၀၆) သန်း ဖြစ်ပါသည်။

**အထူး စီးပွားရေးဇုန် ဥပဒေအရ** ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ မတ်လ (၁၅) ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁၀၃.၀၇၀) သန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ မတ်လ (၁၅) ရက်နေ့ အထိ **စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ** အမေရိကန်ဒေါ်လာ (၁၉၄၃.၉၇၆) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm

အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၃) ခု၊ အတည်ပြုလုပ်ငန်း (၄) ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း (၃)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခု၊ မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု လုပ်ငန်း (၂)ခုနှင့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုခဲ့သဖြင့် ယခုအစည်းအဝေးကာလအတွင်း စုစုပေါင်းလုပ်ငန်း (၇)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၄.၄၅၂) သန်းအပါအဝင် ကျပ် (၁၃,၉၁၉.၆၂၇) သန်း ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ **ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၆၀၈) ဦး** ကို ဖန်တီးပေး မည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း (၇)ခုမှာ စက်မှု ကဏ္ဍမှ (၃) ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍမှ (၁) ခု၊ သတ္တုကဏ္ဍမှ (၁)ခုနှင့် အခြားကဏ္ဍမှ(၂) ခု တို့ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှလ မတ်လ ၁၅ ရက်နေ့အထိ **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၇၆) ခု၊ အမေရိကန်ဒေါ်လာ (၂၁၆.၅၄၀) သန်းအပါအဝင် ကျပ် (၅၈၉,၂၇၅.၃၁၅) သန်း ဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၂၇၅.၆၉၉) သန်း အပါအဝင် ကျပ် (၇၉၅,၆၈၇.၄၂၅) သန်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm